## Highlights from DVB Debate's ethnic army

## စစ်ဖက်အရပ်ဖက်ဆက်ဆံရေးကို အကောင်းဆုံးဘယ်လိုတည်ဆောက်မလဲ?

"ပြည်သူလူထုခွဲခြားမြင်ဖို့က အာဏာရှင်နဲ့တပ်မတော်ကို ခွဲခြားမြင်ဖို့လိုတယ်။ အဲဒါမှလည်းပဲ စစ်ဖက်အရပ်ဖက်ဆက်ဆံရေးကို ရှေ့ဆက်သွားလို့ရမယ်။ တပ်မတော်ကို အာဏာရှင်လို့မြင်နေသမျှတော့ စစ်ဖက်အရပ်ဖက် ဆက်ဆံရေးက ရှေ့ဆက်သွားလို့ ရမှာမဟုတ်ဘူး"

# ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်စိုး (ငြိမ်း)

---

"ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တို့ဦးဆောင်ပြီး ရေးဆွဲလိုက်တဲ့ ဖွဲ့စည်းပုံအရ မြန်မာအစိုးရနဲ့တပ်မတော်နဲ့က တစည်းတလုံးထဲရှိရမယ့်အစား သီးခြားစီဖြစ်နေတယ်။ မြန်မာပြည်မှာ အစိုးရနှစ်ရပ်ရှိနေတယ်လို့ အကဲဖြတ်တဲ့ အနေအထားတွေရှိနေတယ်။"

# ဆရာသန်းစိုးနိုင် ( နိုင်ငံရေးလေ့လာသူ )

---

"အရပ်ဖက်မှာလည်း အာဏာရှင်ရှိတတ်တယ်။ စစ်ဖက်မှာလည်း အာဏာရှင်ရှိတတ်တယ်။ အရပ်ဖက်စစ်ဖက်ဆက်ဆံရေးဆိုတာ အာဏာပိုင်အဖွဲ့အစည်းကိုဆိုလိုတာပါ။ အရပ်ဖက်စစ်ဖက် ဆက်ဆံရေးဆိုတဲ့ အသုံးအနှုံးက အာဏာခွဲဝေရေးပါပဲ"

# ဗိုလ်မှူးကြီး ခွန်ဥက္ကာ ၊ ဦးဆောင်နာယက (ပအိုဝ်အမျိုးသား လွတ်မြောက်ရေး အဖွဲ့ ချုပ် )

---

"ရှေ့ အနာဂတ်အတွက် ဒီတိုင်းပြည်ရဲ့ပြဿနာကို ဖြေရှင်းတဲ့နေရာမှာ အရှိတရားကို သက်ဆိုင်တဲ့သူတွေအားလုံးက လက်ခံနိုင်ဖို့အရေးကြီးတယ်။ စစ်ဖက်နဲ့အရပ်သားပြည်သူ ဆက်ဆံရေးကလည်း မပြေလည်ဘူး။ မပြေလည်ဘူးဆိုတာကို လက်ခံရမယ်။ မြန်မာပြည်ရဲ့ထူးခြားချက်အရ တပ်မတော်နဲ့တိုင်းရင်းသား လက်နက်ကိုင်တွေအကြား ဆက်ဆံရေး၊ တိုင်းရင်းသားနဲ့တပ်မတော်ကြား ဆက်ဆံရေးကလည်း မပြေလည်ဘူး။ ပြည်သူ့ အစိုးရနဲ့ တပ်မတော်ကြားဆက်ဆံရေးကလည်း မပြေလည်ဘူး။ "

## ရဲဘော်မျိုးဂင်း၊ ဒု-ဥက္ကဌ( မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး)

---

"တိုင်းရင်းသားတပ်မတော်တွေနဲ့ တပ်မတော်အကြား နဂိုကတည်းကိုက ကွဲလွဲတာတွေအများကြီးရှိပါတယ်။ ရပ်တည်ချက်ခြင်း၊ ခံယူချက်ခြင်း၊ ယုံကြည်ချက်ခြင်း မတူတာတွေအများကြီးရှိတယ်။ အဲ့လို မတူတဲ့ကြားထဲက NCA ကိုဖြစ်မြောက်အောင် အားလုံးသဘောတူတဲ့ စာချုပ်ဖြစ်အောင် ဆောက်ရွက်နိုင်ခဲ့တယ်။ ဒါဟာ စစ်ဖက်အရပ်ဖက်ဆက်ဆံရေးကို အောင်မြင်အောင် ဆောင်ရွက်နိုင်တဲ့အစိတ်အပိုင်းတစ်ခုပါ။"

## ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်စိုး (ငြိမ်း)

---

"တပ်မတော်က ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ရဲ့ မူဂါဒအနေနဲ့လည်း ခံယူတယ်။ အကျိုးစီးပွားအနေနဲ့ လည်း ခံယူတယ်။ "

## ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်စိုး (ငြိမ်း)

---

"တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ပြောပြီးသားပဲ။ တနိုင်ငံလုံးအတိုင်း အတာနဲ့ငြိမ်းချမ်းရေး ရပြီးပြီဆိုရင် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၅% ကထွက်သွားမယ်ဆိုတာကို ပြောထားတာ ပဲလေ။ ဒါဟာ Time Frame ပဲလေ။ ဒါကို ကျနော်တို့က ဘယ်နှစ်နှစ်ကြာမလဲဆိုတာကတော့ ကျနော်လည်း မပြောတတ်ဘူး။"

## ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်စိုး (ငြိမ်း)

---